# AGILE GRANT အစီအစဉ်

## စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ

555 E Wayne St
Fort Wayne, IN 46802
PH: 260-426-4083
www.cfgfw.org

Updated November 2025

# မာတိကာ

Agile Grant ရံပုံငွေ နှင့် ရရှိနိုင်သောအခန်းကဏ္ဍများ ............ ၁

Agile Grant လျှောက်လွှာနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် ............ ၅

ရန်ပုံငွေ ရရှိရန်အရည်အချင်းပြည့်မီမှု၊ လမ်းညွှန်ချက်များနှင့် အစီရင်ခံခြင်း ............ ၁၁

အမေးများသောမေးခွန်းများ ............ ၁၂

ကျွန်ုပ်တို့ကို ဆက်သွယ်ပါ ............ ၁၅

---

## Agile ထောက်ပံ့ကြေးများ

Agile Grants သည် ထူးခြားဆန်းသစ်သော အစီအစဉ်များအတွက် ရန်ပုံငွေ ဒေါ်လာ 20,000 အထိ ပံ့ပိုးပေးပါသည်။ ဤထောက်ပံ့ငွေများသည် ပရိုဂရမ်ဆိုင်ရာ ရန်ပုံငွေအတွက် အထူးသီးသန့် ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်အတွက် အသုံးမပြုနိုင်ပါ။ သင့်အဖွဲ့အစည်းသည် ယခုနှစ်တွင် Rising Together ထောက်ပံ့ကြေးကို လက်ခံရရှိပြီး Agile Grant ကို သင်လျှောက်ထားပါက၊ သင်၏ လျှောက်လွှာကို အစီအစဉ်သစ်တစ်ခုအတွက် သို့မဟုတ် ရှိပြီးသားအစီအစဉ်ကို သိသာထင်ရှားသော မြှင့်တင်မှုလုပ်ရန်ကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ ယခုနှစ်တွင် Rising Together ထောက်ပံ့ကြေးကို မရရှိသော အဖွဲ့အစည်းများသည် အသစ် သို့မဟုတ် လက်ရှိ ပရိုဂရမ်ကို ပံ့ပိုးရန်အတွက် ရန်ပုံငွေအတွက် လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို မတ်လမှ အောက်တိုဘာလအထိ လက်ခံပါသည်။ Agile Grants သည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းအတွင်း သီးသန့် စိတ်ဝင်စားသည့်နေရာများကို ပံ့ပိုးရန်အတွက် ရန်ပုံငွေထူထောင်ထားသည့် အလှူရှင်များမှ ပံပိုးထားခြင်းဖြစ်ပါသည်။ လျှောက်လွှာမေးခွန်းများနှင့် အကဲဖြတ်မှု စည်းမျဉ်းများ အပါအဝင်ဟ အသေးစိတ် အချက်အလက်များအတွက်၊ ကျေးဇူးပြု၍ ထောက်ပံ့ကြေး လမ်းညွှန်ချက်များကို ဖတ်ရှုပါ။

### ၁. ဤကွန်မြူနတီဖောင်ဒေးရှင်းအနေဖြင့် ၎င်း၏ထောက်ပံ့ကြေးပေးခြင်းသည် Greater Fort Wayne ကွန်မြူနတီ ဖောင်ဒေးရှင်း၏ တန်ဖိုးများကို ထင်ရှား အသက်ဝင်စေမည်ဟု ယုံကြည်သည်-

- **ဆက်ဆံမှုကွန်ယက်**- ကျွန်ုပ်တို့နှင့်အတူ လက်တွဲလုပ်ကိုင်နေသူတိုင်းနှင့် ခိုင်မာပြီး အဓိပ္ပါယ်ရှိသော ဆက်ဆံရေးကို မွေးမြူရန် အဓိကထားပါသည်။
- **သာတူညီမျှမှု**- ကျွန်ုပ်တို့သည် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းတစ်ခုစီ၏ သီးခြားလိုအပ်ချက်များကို အလေးထားကြိုးပမ်းပြီး အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို သာတူညီမျှရယူသုံးစွဲနိုင်စေရန် ကြိုးပမ်းပါသည်။

• **သက်ရောက်မှု-** ဆုံးဖြတ်ချက်တစ်ခုစီတိုင်းသည် ကျွန်ုပ်တို့ကို အပြုသဘောဆောင်ပြီး တည်မြဲသော ပြောင်းလဲမှုဆီသို့ ရှေးရှုစေပီးကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို ရှေ့သို့သွားရန်တွန်းအားဖြစ်စေသည်။

• **သမာဓိ-** ကျွန်ုပ်တို့နှင့်ပါဝင်ပတ်သက်သူများသည် ၎င်းတို့၏အရင်းအမြစ်များအတွက် ကျွန်ုပ်တို့ကို အမြဲတစေ ယုံကြည်စိတ်ချမှုရှိသည်။ ကျွန်ုပ်တို့အနေဖြင့် အလှူရှင်များ၏ ရည်ရွယ်ချက်ကို လေးစားပြီး ကျွန်ုပ်တို့ကွန်မြူနတီ၏ လိုအပ်ချက်များကို အလေးထားသည်။

• **စိတ်အားထက်သန်မှု-** ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို ချစ်သောကြောင့် စိတ်အားထက်သန်မှုနှင့် စေတနာဖြင့် ကျွန်ုပ်တို့၏အလုပ်ကို ဆက်လက်လုပ်ဆောင်ပါသည်။

**၂. ဤကွန်မြူဖောင်ဒေးရှင်းသည် ၎င်း၏ထောက်ပံ့သူများအတွက် အတားအဆီးများကို ဖယ်ရှားရန်နှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးများဖန်တီးရန် ကြိုးပမ်းသည်။**

Greater Fort Wayne ၏ ကွန်မြူနတီဖောင်ဒေးရှင်းသည် အယ်လန်ကောင်တီ ၏ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ ရပ်ရွာခေါင်းဆောင်များနှင့်အတူ စိန်ခေါ်မှုအားလုံးကို ကျော်လွှားပြီး ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတစ်ခုလုံးကို မြှင့်တင်ရန် မျှော်လင့်ပါသည်။

---

## ရံပုံငွေ နှင့် ပံ့ပိုးမှုနယ်ပယ်များ

---

**ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွက် ပံ့ပိုးကူညီမှုအစဉ်အလာကို မြှင့်တင်ရန်အတွက် အောက်ဖော်ပြပါ အကျိုးစီးပွားနယ်ပယ်နှင့် ကန့်သတ်မထားသော ရန်ပုံငွေများကို တည်ထောင်ထားပါသည်။**

- 431 Foundation ရံပုံငွေ
- စီးပွားရေးပညာပေးရန်ပုံငွေ
- ကလေးသူငယ်များ သင်ကြားရေးနှင့် ဖွံ့ဖြိုးရေး ရန်ပုံငွေ
-Christine Meek Memorial ရံပုံငွေ
- Fort Wayne Woman's Club ရံပုံငွေ
- Four D Endowment ရံပုံငွေ
- Hildegard Brandenberg ရန်ပုံငွေ
- Isaac Campbell Kidd ရန်ပုံငွေ
- James & Sandra Ladd ရန်ပုံငွေ
- Lakeside Elder Project Endowment ရံပုံငွေ
- Loren J. Drummond ရန်ပုံငွေ
-အခွင့်အလမ်းများ ရန်ပုံငွေ
- Rev. Vernon R. Graham Legacy ရံပုံငွေ
- Richard D. Waterfield ပရဟိတရန်ပုံငွေ
- Robert & Nancy Brooks Charitable ရံပုံငွေ
- Rothberg၊ Logan၊ & Warsco ကန့်သတ်မဲ့ ရန်ပုံငွေ
- Schenkel မိသားစုဖောင်ဒေးရှင်းရန်ပုံငွေ

- James Davis ရုံပုံငွေ
- Joyce Schlatter ရန်ပုံငွေ

- Steel Dynamics ရန်ပုံငွေ
- Stephan Family Community Needs ရုံပုံငွေ

**Agile Grants သည် အောက်ပါ ကိစ္စရပ်များအတွက် ပံ့ပိုးမှုပေးသည်-**

- သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းကလေးများ
- တိရစ္ဆာန် ကယ်ဆယ်ရေး
- အနုပညာ
- စောင့်ရှောက်ရန်လိုသောလူငယ်များ
- အခြေခံလိုအပ်ချက်များ
-  စီးပွားရေးပညာနှင့် သင်ကြားလေ့ကျင့်ရေး
- စခန်းချခြင်းများ
- ပြည်သူ့နီတိပညာရေး
- ပညာရေး
--သက်ကြီးရွယ်အိုများ
- သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့မှု
- သမိုင်းဝင်ထိန်းသိမ်းမှုပရောဂျက်များ (အသေးစား)

-အိုးမဲ့အိမ်မဲ့လူငယ်များ
- ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် ဒုက္ခသည် ထောက်ပံ့မှု
- မွေးကင်းစကလေးသေဆုံးမှု
- ပြင်ပလှုပ်ရှားမှုများ
- မိဘများကို ပံ့ပိုးကူညီမှု
- ကလေး မတရားမှုနှင့် လျစ်လျူရှုမှုမှ ကာကွယ်ရေး
- အသက်မွေးဝမ်းကြောင်းပညာများ
- အားကစားများ
- အမျိုးသမီးများနှင့် မိသားစုများအတွက် တရားမဝင်ဆေးဝါးအသုံးပြုမှု ကာကွယ်ရေး
- မွေးစားမိသားစုများ သို့မဟုတ် လူမှုရေးလုပ်သားများအတွက် ပံ့ပိုးမှု
- ဆရာများအတွက် ပံ့ပိုးမှု
- စစ်ပြန်များ
- အကာအကွယ်မဲ့သောကလေးများ
- တခြား

**လျှောက်လွှာများကို အလှည့်ကျဖြင့် လက်ခံထားပြီး တောင်းဆိုချက်များကို ပထမလာသူ ဦးစွာဝန်ဆောင်မှုပေးသည့်စနစ်ဖြင့် ငွေကြေးထောက်ပံ့မည်ဖြစ်ကြောင်းကို ကျေးဇူးပြု၍ သတိပြုပါ။** ရန်ပုံငွေများ ပေးအပ်ထားပီး ဖြစ်သောကြောင့် ဤအမျိုးအစားများ အားလုံးကို တစ်နှစ်ပတ်လုံး ရနိုင်မည် မဟုတ်ပေ။ ကျေးဇူးပြု၍  မည်သည့်ကိစ္စများအတွက် လျှောက်လွှာ လက်ခံမည်ကို သိနိုင်ရန် အွန်လိုင်းထောက်ပံ့ကြေးစာမျက်နှာကို ဝင်ရောက်ကြည့်ရှုစေလိုပါသည်။

# *Agile Grant* လျှောက်လွှာနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

Agile Grant အစီအစဉ်သည် မတ်လမှ အောက်တိုဘာလအထိ ဖွင့်လှစ်ပါသည်။ ကျေးဇူးပြု၍ သင့် အဖြေများတွင် စေ့စပ်စွာဖြင့် လိုအပ်သောအချက်အလက်များကို ထည့်သွင်းပါ။ ဤလျှောက်ထားမှုများကို လစဉ်ပြန်လည် သုံးသပ်ပါသည်။

**အရည်အချင်းပြည့်မီမှု စစ်ခြင်း**

ကွန်မြူနတီဖောင်ဒေးရှင်းသည် လျှောက်ထားမှုကို ဆက်လက်မဆောင်ရွက်မီ Agile Grant အစီအစဉ်သို့ လျှောက်ထားသူများ အနေဖြင့် အခြေခံသတ်မှတ်ချက်များနှင့် ပြည့်မီကြောင်း သေချာစေရန်အတွက် အရည်အချင်းစစ်ရန် လိုအပ်ပါသည်၊ Agile Grant အစီအစဉ်အတွက် အရည်အချင်းပြည့်မီမှုအတွက် အဖွဲ့အစည်းတစ်ခုတွင် အောက်ပါအချက်များကို စိစစ်ရန်လိုအပ်သည်-

• သင်သည် 501(c)(3) အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်ရမည်

• သင်သည် ပြီးခဲ့သည့်ပြက္ခဒိန်နှစ်တွင် Agile Grant ကို ရရှိခဲ့ခြင်းမရှိပါ

• တာဝန်ထမ်းဆောင်နေသူ အနည်းဆုံး ၅၀ရာခိုင်နှုန်း သည် အယ်လန် ကောင်တီတွင် ရှိပြီး/သို့မဟုတ် သင်သည် ခရိုင်အတွက် ထူးခြားသောဝန်ဆောင်မှုကို ပေးသည်

• သင့်တောင်းဆိုမှုသည် အစီအစဉ်နှင့်ပတ်သက်သည့် ရန်ပုံငွေအတွက်ဖြစ်ပြီး အထွေထွေ လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ ပံ့ပိုးကူညီမှု မဟုတ်ပါ

• သင်သည် ပွဲစပွန်ဆာအတွက် ရံပုံငွေများ မတောင်းခံပါ

• ဝန်ဆောင်မှုများလက်ခံမည့်လူများသည် ၎င်းဝန်ဆောင်မှုများကို ရယူရန်ဘာသာရေးဆိုင်ရာ အစီအစဉ်များတွင်ပါဝင်ရန် မလိုအပ်ပါ

• သင့်ဝန်ထမ်းများထံမှ ၎င်းတို့၏ယုံကြည်ချက်ကို ဖွင့်ဟထုတ်ပြန်ချက် မလိုအပ်ပါ။

**Agile Grant မေးခွန်းများ**

**အထွေထွေသတင်းအချက်အလက်**

၁. အစီအစဉ် /လုပ်ငန်းအမည်

၂. ဝဘ်ဆိုဒ်/ပင်မအွန်လိုင်း တည်ရှိမှု

၃. အစီအစဉ် /လုပ်ငန်း အဓိကထားဧရိယာ (အောက်သို့ဆွဲချပါ)

၄. တောင်းဆိုထားသောပမာဏ

**လုပ်ငန်း/အစီအစဉ်**

၁. အစီအစဉ် /လုပ်ငန်းဖော်ပြချက် – သင်ရန်ပုံငွေရှာဖွေနေသည့် အစီအစဉ် /လုပ်ငန်းနှင့် တောင်းဆို ထားသောရန်ပုံငွေများကို မည်သို့အသုံးပြုမည်ကို ဖော်ပြပါ။

၂. အရည်အချင်းများ – ဤအစီအစဉ် /လုပ်ငန်းကို ကမ်းလှမ်းရာတွင် အခြားအဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက သင့်အဖွဲ့အစည်းကို အဘယ်အရာက ထူးခြားပြီး ထိရောက်မှုရှိစေသနည်း?

၃. သက်ရောက်မှု – ဤအစီအစဉ် /လုပ်ငန်းကြောင့် အောင်မြင်မှုမှာ မည်သို့ရှိသနည်း?

**ဘတ်ဂျက်နှင့် အချိန်ဇယား**

၁. အစီအစဉ် /လုပ်ငန်း ဘတ်ဂျက် – Excel စာရွက်စာတမ်းအဖြစ် ဝင်ငွေနှင့် အသုံးစရိတ်များ အပါအဝင် သင့်အစီအစဉ် /လုပ်ငန်း-သီးသန့်ဘတ်ဂျက်ကို ကျေးဇူးပြု၍ ထည့်သွင်းပေးပါ။

၂. အချိန်ဇယား – ဤအစီအစဉ် /လုပ်ငန်းအတွက် မျှော်လင့်ထားသော အချိန်ဇယားကို အကြမ်းဖျင်း ဖော်ပြပါ။

၃. ရေရှည်တည်တံ့ခိုင်မြဲမှု – ဤအစီအစဉ် /လုပ်ငန်းကို ထောက်ပံ့ကြေးပေးသည့်ကာလနောက်ပိုင်း ထောက်ပံ့နိုင်မည့် ရေရှည်မဟာဗျူဟာကို ဖော်ပြပါ

၄. ဖြစ်နိုင်ခြေ – ကွန်မြူနတီဖောင်ဒေးရှင်းသည် ဤအစီအစဉ် /လုပ်ငန်းကို တစ်စိတ်တစ်ပိုင်းသာ ပံ့ပိုး ပေးနိုင်ပါက သို့မဟုတ် ၎င်းကို လုံးဝမပံ့ပိုးနိုင်ပါက၊အစီအစဉ် /လုပ်ငန်း သည် ဆက်လက်ဖြစ်ပေါ်နိုင်ဦးမည်လား? ကျေးဇူးပြု၍ ဖော်ပြပေးပါ။

**Agile Grant အကဲဖြတ်မှု ဇယား**

ထောက်ပံ့ကြေးအကဲဖြတ်မှု ဇယားသည် အဆိုပြုလျှောက်ထားမှုများကို တသမတ်တည်း အမှတ်ပေးနိုင်ရန် ကူညီပေးသည့် အသေးစိတ်လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းစဉ် သည် ကိုယ်ရေးကိုယ်တာ ဘက်လိုက်မှုကို လျှော့ချရန် ကူညီပေးသည်။

**အစီအစဉ် /လုပ်ငန်းဖော်ပြချက် – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- အဖွဲ့အစည်းသည် လုပ်ငန်း/အစီအစဉ်ကို မည်မျှရှင်းလင်းစွာ ဖော်ပြပြီး ရန်ပုံငွေများကို မည်သို့အသုံးပြုမည်နည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည်စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အစီအစဉ် /လုပ်ငန်း၏ ဖော်ပြချက်သည် ရှင်းလင်းမှုမရှိဘဲ ရန်ပုံငွေများကို မည်သို့မည်ပုံ အသုံးပြုမည်ကို အမှန်တကယ် ရှင်းပြချက်မရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အစီအစဉ် /လုပ်ငန်း၏ ဖော်ပြချက်သည် ရှင်းရှင်းလင်းလင်း မသိရသေးပါ သို့မဟုတ် ရန်ပုံငွေများကို မည်သို့မည်ပုံ အသုံးပြုမည်အတွက် အမှန်တကယ် ရှင်းလင်းချက်မရှိပေ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံနှုန်းများနှင့် လုံးဝ ပြည့်မီသည်**

အစီအစဉ် /လုပ်ငန်း၏ ဖော်ပြချက်သည် ရှင်းလင်းသည်၊ ရန်ပုံငွေအသုံးပြုမှုသည် ရှင်းရှင်းလင်းလင်း ဖြစ်ပြီး အဖွဲ့အစည်း၏ ရေရှည်ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်သည် စံနမူနာပြရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အစီအစဉ် /လုပ်ငန်း၏ ဖော်ပြချက်သည် တိကျသေချာ(ရှင်းလင်းပြီး ဆွဲဆောင်မှုရှိ)ပြီး ရေရှည်ရည်ရွယ်ချက်နှင့် ကိုက်ညီကာ အကျိုး သက်ရောက်မှု ပေါ်လွင်ထင်ရှားသည်။

**အရည်အချင်း- ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- ဤအစီအစဉ် /လုပ်ငန်းကို ကမ်းလှမ်းရာတွင် အဖွဲ့အစည်းက ၎င်း၏ထူးခြားမှုကို မည်သို့စနစ်ကျစွာ ဖော်ပြထားပါသလည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အစီအစဉ် /လုပ်ငန်း သည် ထူးခြားမှုမရှိပါ၊ အခြားသော အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများက အလားတူ အစီအစဉ်များကို ကွန်မြူနတီအတွင်း လုပ်ဆောင်ပေးလျက်ရှိသည်။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုများ စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

ဤ အစီအစဉ် /လုပ်ငန်း သည် ကမ်းလှမ်းထားသော ဝန်ဆောင်မှုအမျိုးအစားတွင် သီးသန့် မဟုတ်သော်လည်း ၎င်းဝန်ဆောင်မှုပေးနေသော လူတစ်ဦးချင်းစီအတွက် သီးသန့်ဖြစ်နိုင်သည် (ဥပမာ၊ လက်ရှိ ဝန်ဆောင်မှုရရှိနေသော အုပ်စုတွင်မပါဝင်သည့် အိုးအိမ်မဲ့များကို ဝန်ဆောင်မှုပေးသည့် နေထိုင်စရာ)။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

ဤ အစီအစဉ် /လုပ်ငန်း သည် ကွန်မြူနတီတွင် ထူးခြားသော်လည်း အလားတူပရောဂျက်များ/ ပရိုဂရမ်များနှင့် ထပ်နေနိုင်ပြီး ကွန်မြူနတီ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမှာ မရှင်းလင်းပါ။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

ဤ အစီအစဉ် /လုပ်ငန်း သည် ကျွန်ုပ်တို့၏ကွန်မြူနတီအတွက် ထူးခြားပါသည်။ အခြားမည်သူမျှ ဤအလုပ်ကို မလုပ်ပါ၊ ၎င်းသည် ရပ်ရွာအတွင်း ကွာဟချက်/လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမှာ အလွန်ရှင်းလင်းမှုရှိသည်။

**သက်ရောက်မှု – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- ဤ အစီအစဉ် /လုပ်ငန်း ကြောင့် ရရှိလာနိုင်သည့်အောင်မြင်မှုကို အဖွဲ့အစည်းက မည်မျှ ကောင်းမွန်စွာ ဖော်ပြနိုင်ပါသနည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

ဤ အစီအစဉ် /လုပ်ငန်း ကြောင့် ရရှိလာနိုင်သည့်အောင်မြင်မှုကို ရှင်းလင်းပြတ်သားသော ဖော်ပြချက် သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အဖွဲ့အစည်းသည် အောင်မြင်မှုကို ဖော်ပြသော်လည်း ၎င်းသည် ဝိုးတဝါးဖြစ်ပြီး ဤ အစီအစဉ် /လုပ်ငန်း ၏ လုပ်ဆောင်မှုများနှင့် မသက်ဆိုင်ပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

အောင်မြင်မှု၏ ဖော်ပြချက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တို့သည် ရှင်းလင်းပြတ်သားပြီး အစီအစဉ် /လုပ်ငန်း ၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အောင်မြင်မှုကို ရှင်းလင်းသေချာစွာ အဓိပ္ပါယ်ဖွင့်ဆို ဖော်ပြထားပြီး အကျိုးသက်ရောက်နိုင်မှုများကို ကျနကောင်းမွန်စွာ ထင်ဟပ်ဖော်ပြထားနိုင်သည်။

**အစီအစဉ်/လုပ်ငန်း၏ ရသုံးမှန်ခြေငွေစာရင်း – ၁၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- ဤရန်ပုံငွေများကို မည်သို့ အသုံးပြုမည်ကို ရှင်းလင်းပြတ်သားစွာ ရှင်းပြထားသည့် ဝင်ငွေနှင့် အသုံးစရိတ်များ ပါဝင်သော ရသုံးမှန်းခြေ ဘတ်ဂျက်ငွေစာရင်းရှိပါသလား?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

ရသုံးမှန်ခြေ ငွေစာရင်းတွင် ဝင်ငွေ သို့မဟုတ် သုံးငွေ ပါဝင်သော်လည်း ရန်ပုံငွေ မည်သို့အသုံးပြုမည်မှာ ရှင်းလင်းမှုမရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

ရသုံးမှန်ခြေ ငွေစာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်သည်၊သို့သော် ပြည့်စုံမှုမရှိဘဲ ရန်ပုံငွေ မည်သို့အသုံးပြုမည် ဆိုသည်မှာ ရှင်းလင်းမှုမရှိပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

ရသုံးမှန်ခြေ ငွေစာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်ပြီး ရန်ပုံငွေ မည်သို့အသုံးပြုမည်ကို ရှင်းရှင်း လင်းလင်း ဖော်ပြထားသည်။ သို့သော် ကွန်မြူနတီဖောင်ဒေးရှင်းသည် တဦးတည်းသော ထောက်ပံ့သူဖြစ်ပြီး/ သို့မဟုတ် ၎င်းတို့၏ သုံးငွေများသည် လုပ်ငန်းနှင့် သဘာဝကျကိုက်ညီမှုမရှိသယောင် ဖြစ်နေသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

ရသုံးမှန်ခြေ ငွေစာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်ပြီး အစီအစဉ်/လုပ်ငန်းကို အခြားသော ပံ့ပိုးမှုများမှ အပါအဝင် ရန်ပုံငွေကို မည်သို့အသုံးပြုမည်ကို ရှင်းရှင်း လင်းလင်း ဖော်ပြထားသည့်အပြင် သဘာဝကျသော အသုံးငွေများကို ဖော်ပြနိုင်သည်။

**အချိန်သတ်မှတ်ချက် – ၁၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- အချိန်သတ်မှတ်ချက်သည် ကျိုးကြောင်းဆီလျော်မှု ရှိပါသလား?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အချိန်သတ်မှတ်ချက် ပါဝင်မှုမရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အချိန်သတ်မှတ်ချက် ပါဝင်သော်လည်း အစီအစဉ် /လုပ်ငန်း အတွက် မသင့်လျော်ပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

အစီအစဉ် /လုပ်ငန်း အတွက် အချိန်သတ်မှတ်ချက်သည် သင့်လျော်မှုရှိသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အချိန်သတ်မှတ်ချက်သည် ရှင်းလင်းပြတ်သားပြီး ဤ အစီအစဉ် /လုပ်ငန်း သည် မည်သည့်အချိန်တွင်စမည် ဆုံးမည်ကို ရှင်းလင်းစွာ ဖော်ပြထားနိုင်သည်။

**ရေရှည်တည်တံ့နိုင်မှု – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း-  အဖွဲ့အစည်းသည် ဤထောက်ပံ့ကြေး ရရှိသည့်ကာလထက် ကျော်လွန်၍ မိမိတို့၏ အစီအစဉ် /လုပ်ငန်း ကို ဆက်လက်ဆောင်ရွက်နိုင်ရန် အတွက် ရေရှည် မဟာဗျူဟာကို မည်မျှ ကောင်းမွန်စွာ ဖော်ပြ ထားနိုင်ပါသလည်း? ဤအစီအစဉ်ကို နောင်နှစ်များအထိ အမြဲတမ်းဆက်လက်ထောက်ပံ့ပေးရန် ထပ်မံတောင်ခံမည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ရှိပါသလား? ကိုယ်ပိုင်ရေရှည်တည်တံ့ရေး လမ်းကြောင်းရှိပါသလား?

**၁-၅     တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

ဤ အစီအစဉ် /လုပ်ငန်း အတွက် ရေရှည်မဟာဗျူဟာ သို့မဟုတ် ရေရှည်တည်တံ့မှုအကြောင်း ဖော်ပြထားခြင်းမရှိပါ။

**၆-၁၀  တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အဖွဲ့အစည်းသည် မရေရာသော ရေရှည်မဟာဗျူဟာကို ဖော်ပြသော်လည်း ၎င်းကို မစဉ်းစားရသေး သည်မှာ ပေါ်လွင်နေပြီး၊ နောက်နှစ်များတွင် ဤ အစီအစဉ် /လုပ်ငန်း ကို ဆက်လက် ရန်ပုံငွေပေးရန် ကွန်မြူနတီဖောင်ဒေးရှင်းကို တောင်းဆိုဖွယ်ရှိသည်။

**၁၁-၁၅  တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

ရန်ပုံငွေနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ရှင်းရှင်းလင်းလင်း ဖော်ပြချက်ရှိပါသည်။

**၁၆-၂၀  တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အလွန်ရှင်းလင်းသော လမ်းကြောင်းဖြင့် ရန်ပုံငွေထောက်ပံ့ခြင်း အတွက် အလွန် စနစ်ကျသော ရေရှည် ဗျူဟာကို ချမှတ်ထားနိုင်သည်။ ကွန်မြူနတီဖောင်ဒေးရှင်း၏ ရန်ပုံငွေကို အချိန်အတိုင်းအတာ တစ်ခုအထိသာ မှီခိုသွားမည်ဖြစ်ကြောင်း ထင်ရှားပါသည်။

အပိုင်းတစ်ခုစီပြီးနောက်၊ အကဲဖြတ်သူများသည် ၎င်းတို့၏ရမှတ်များ မည်သို့ပေးထားကြောင်းကို အသေးစိတ်ရေးသား ဖော်ပြရပါမည်။

ရမှတ် **၁-၁၃** အတွက် - လျှောက်ထားသူသည် ဤနယ်ပယ်တွင် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်သော လုပ်ဆောင်ချက်များ ရှိပါသလား။ ဤတုံ့ပြန်ဖြေဆိုမှုများတွင် မရှင်းလင်းသော အစိတ်အပိုင်းများ ပါဝင်ပါသလား?

ရမှတ် **၁၄-၂၀** အတွက် – မည်သည့်အကြောင်းကြောင့် ခိုင်မာသော သို့မဟုတ် စံနမူနာပြုထိုက်သော တုံ့ပြန်ဖြေဆိုမှုတစ်ခုဟု ပြောနိုင်ပါသလည်း? ဤနယ်ပယ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကူညီရန်အတွက် အပြုသဘောဆောင်သော အကြံပြုချက် တစ်ခုခုကို ပေးနိုင်ပါသလား?

**မှတ်သားထားရန်အရေးကြီးသောအချက်များ-**

• ပြက္ခဒိန်နှစ်အတွက် ရန်ပုံငွေများ မကုန်မချင်း ပထမလာသူ ပထမဦးစားပေးစနစ်ဖြင့် လျှောက်လွှာများကို လက်ခံပြီး အကဲဖြတ်ပါသည်။

• ပြန်လည်သုံးသပ်ခြင်းနေစဉ်ကာလအတွင်း တောင်းဆိုထားသောပမာဏကို အချိန်မရွေး ချိန်ညှိ နိုင်ပါသည်။

• **ဒေါ်လာ ၂၀,၀၀၀** အထက်တောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ Agile Grant ရန်ပုံငွေ၏ ပျမ်းမျှထောက်ပံ့ငွေ ပမာဏသည် ဒေါ်လာ ၆၀၀၀ ဖြစ်သည်။

---

## ရန်ပုံငွေ အရည်အချင်းပြည့်မီမှု၊ လမ်းညွှန်ချက်များနှင့် အစီရင်ခံခြင်း

---

- **501(c)(3) အခြေအနေ**- သင့်အား 501(c)(3) အကျိုးအမြတ်မယူသော အဖွဲ့အစည်းအဖြစ် သတ်မှတ်ရပါမည်။
- **တည်နေရာ-** သင်ဝန်ဆောင်မှုပေးသောလူများ၏ အနည်းဆုံး ၅၀% သည် အယ်လန် ကောင်တီတွင်ရှိရမည်၊ နှင့်/သို့မဟုတ် သင်သည်ခရိုင်အတွက် ထူးခြားသော ဝန်ဆောင်မှုတစ်ခု ပေးဆောင်နေရမည်။
- **နှစ်ရှည်ရန်ပုံငွေရှာဖွေခြင်း**- Agile Grants သည် တစ်ကြိမ်တည်းသာ ရန်ပုံငွေ ပေးပြီး နှစ်ရှည် တောင်းဆိုမှုများကို ထည့်သွင်းပေးမည်မဟုတ်ပါ။
- **ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနများမပါဝင်ပါ**- Agile Grant အစီအစဉ်သည် IRB လိုအပ်ချက်များကြောင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနပြုမှုများကို ထောက်ပံ့ပေးမည် မဟုတ်ပါ။
- **လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုမဖြစ်ရပါ**- Agile Grant အစီအစဉ်သည် အကျိုးအမြတ် မယူသော အဖွဲ့အစည်းတစ်ခု၏ သီးခြားပရောဂျက်များ သို့မဟုတ် အစီအစဉ်များကို ရန်ပုံငွေပေးရန် ရည်ရွယ်လုပ်ဆောင်ထားသည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အတွက်အထောက်အပံ့ ရန်ပုံငွေပေးမည် မဟုတ်ပါ။ အကယ်၍ သင်သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာရန်ပုံငွေကိုရှာဖွေပါက၊ အကျိုးအမြတ် မယူသောလုပ်ငန်းများကို ထောက်ပံ့ပေးသည့် ကျွန်ုပ်တို့၏ Rising Together ရန်ပုံငွေ ကိုကြည့်ပါ။ ကွန်မြူနတီဖောင်ဒေးရှင်းသည် လုပ်ငန်းလည်ပတ်မှု လိုငွေပြမှုကို ရန်ပုံငွေ ထောက်ပံ့မည်မဟုတ်ပါ။
- **ပံ့ပိုးကူညီမှုများ၊ ရန်ပုံငွေရှာဖွေရေးပွဲများ၊ နှစ်စဉ်ရန်ပုံငွေပွဲများ မပါဝင်ပါ**- Agile Grant အစီအစဉ် သည် သီးခြားလုပ်ငန်းများ သို့မဟုတ် အစီအစဉ်များကို ရန်ပုံငွေပေးရန် ရည်ရွယ်လုပ်ဆောင်ထားသည်။ သို့သော် အဖွဲ့အစည်း အတွက်ငွေရှာသည့်ပွဲများအတွက် လုပ်ရိုးလုပ်စဉ်စပွန်ဆာထောက်ပံ့မှုများ သို့မဟုတ် ပံ့ပိုးမှုများ မပါဝင်သည့် အပြင် နှစ်စဉ်ရန်ပုံငွေပွဲ သို့မဟုတ် လှူဒါန်းရန်လှုံ့ဆော်ပွဲ များကဲ့သို့သော အခြားရန်ပုံငွေ ရှာဖွေခြင်း လုပ်ငန်းများကို ပံ့ပိုးပေးမည် မဟုတ်ပါ။

- **ယခင်ရန်ပုံငွေရထားသူများ-** ထောက်ပံ့ကြေးရသူများသည် ပြက္ခဒိန်တစ်နှစ်လျှင် Agile Grant တစ်ကြိမ်သာ ရရှိနိုင်ပါသည်။
- **ဘာသာရေးတောင်းဆိုမှုများ**- ရပ်ရွာဖောင်ဒေးရှင်းသည် ၎င်းတို့၏ အခြေပြုလူထု /ဝန်ဆောင်မှုခံယူသူများ ထံမှ ဘာသာရေးပါဝင်မှုလိုအပ်သော အဖွဲ့အစည်းများအတွက် ရန်ပုံငွေ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများကို ဘာသာရေးယုံကြည်မှုဆိုင်ရာ လက်မှတ်ရေးထိုးစေသော အဖွဲ့အစည်းများကို ထောက်ပံ့ပေးမည်မဟုတ်ပါ။ ကွန်မြူနတီဖောင်ဒေးရှင်းမှ ရန်ပုံငွေပေးမည့် ဘာသာရေးအဖွဲ့အစည်း အမျိုးအစားများ သို့မဟုတ် အစီအစဉ်များအတွက် မေးတတ်သောမေးခွန်း FAQs များကို ကြည့်ပါ။
- **အစီရင်ခံခြင်း-** Agile Grants သည် ထောက်ပံ့ကြေးရရှိပြီးနောက် ခြောက်လအကြာတွင် အပြီးသတ် အစီရင်ခံစာ လိုအပ်ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ၎င်း၏ထောက်ပံ့သူများနှင့် ရပ်ရွာတွင် သင်လုပ်ဆောင်နေသော ထူးချွန်သောအလုပ်များအကြောင်း ဂုဏ်ယူဝင့်ကြွားနိုင်သည့် အခွင့်အရေးကို လိုချင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အခြေအနေကို သိလိုပြီး သင်၏ အရေးကြီးသော အလုပ်နှင့် ပတ်သက်၍ သင်မျှဝေလိုသော ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများကို လိုချင်နှစ်သက်ပါသည်။ နောက်ဆုံးအစီရင်ခံချက်အားလုံးသည် အွန်လိုင်းထောက်ပံ့ကြေး စီမံခန့်ခွဲမှုစနစ်/ထောက်ပံ့ကြေး ပေါ်တယ်မှတစ်ဆင့် ဖြစ်လိမ့်မည်။
- **ကန့်သတ်ချက်များ**- IRS စည်းမျဉ်းများ လိုအပ်ချက်အရ၊ ထောက်ပံ့ကြေးငွေများကို -
  (က) ပြည်တွင်းအခွန်များကျင့်ထုံးဥပဒေပုဒ်မ 501(c)(3) အရ သတ်မှတ်ထားသည့်အတိုင်း စည်းရုံး လှုပ်ရှားမှုများကို လုပ်ဆောင်ရန်
  (ခ) ပုဒ်မ ၅၀၁(ဂ)(၃)အရ တားမြစ်ထားသော ပါတီနိုင်ငံရေး လှုပ်ရှားမှုများအတွက်
  (ဂ) ထောက်ပံ့ငွေသည် ပြည်တွင်း အခွန်များကျင့်ထုံးဥပဒေပုဒ်မ 4945(d)(3) သို့မဟုတ် (4) ကို လိုက်နာရ၍ ထောက်ပံ့ငွေသည် အတည်ပြု ပေးထားသည့် ကိစ္စတရပ်ရပ်၏ တစိတ်တပိုင်း ဖြစ်ခြင်းမှလွဲ၍ အစုံတဦးကို ခရီးသွားလာရန်၊ လေ့လာသင်ယူရန် သို့မဟုတ် အခြားအလား တူရည်ရွယ်ချက်များအတွက် သို့မဟုတ် ထောက်ပံ့ငွေကို အခြားသော အဖွဲ့အစည်းများအတွက် ထပ်ဆင့် ထောက်ပံ့ကြေးပေးရန်
  (ဃ) ပြည်တွင်းအခွန်များ ကျင့်ထုံးဥပဒေပုဒ်မ 170(c)(2)(B) တွင်ဖော်ပြထားသည့် ပရဟိတနှင့် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များမှလွဲ၍ အခြားရည်ရွယ်ချက်တစ်ခုခုအတွက် လုပ်ဆောင်ရန် စသည်တို့အတွက် သုံးစွဲခွင့်မရှိပါ။

---

## အမေးများသောမေးခွန်းများ

---

### ၁. ဤဖောင်ဒေးရှင်းသည် ဘာသာရေးအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ပါသလား?

ဖို့ဝိန်း အသိုက်အဝန်းသည် အမျိုးမျိုးသော ယုံကြည်ကိုးကွယ်ရာများရှိသည့်နေရာတခုဖြစ်သည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ဝန်ဆောင်မှုပေးသည့် ဘာသာရေးယုံကြည်ခြင်း  အခြေခံအဖွဲ့များစွာ ရှိသည်၊ အချို့မှာ ဝတ်ပြုရာ ကျောင်းတော်များတွင်ရှိပြီး အချို့မှာ သီးခြားနေရာများတွင် ရှိနေသည့်အတွက် ကျွန်ုပ်တို့ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။

ကွန်မြူနတီဖောင်ဒေးရှင်း၏ ရည်ရွယ်ချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် "အယ်လန်ကောင်တီရှိ လူအားလုံးကို ဝန်ဆောင်မှုပေးရန် တိကျသော လမ်းညွှန်ချက်များနှင့် ကိုက်ညီသည့် ယုံကြည်ခြင်းအခြေပြုအဖွဲ့များကို ရန်ပုံငွေထောက်ပံ့ ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ဘာသာရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်းကို ခွင့်ပြုသော်လည်း ဘာသာရေး ရည်ရွယ်ချက်များအတွက် ရန်ပုံငွေပံ့ပိုးပေးမည် မဟုတ်ပါ။ သင့်ထံမှ ဝန်ဆောင်မှုယူသူများ သို့မဟုတ် သင်ကူညီနေသူများထံမှ ဘာသာရေးဆိုင်ရာ ပူးပေါင်းပါဝင်မှု လိုအပ်ပါက သင့် အဖွဲ့အစည်းသည် ရန်ပုံငွေရရှိမည် မဟုတ်ပါ။

## အရည်အချင်းမီသော အစီအစဉ်များ၏ လက္ခဏာများ၊ သို့သော် ဤဖော်ပြထားသည်ထက်ပိုနိုင်သည်-

- ဝတ်ပြုရာဌာနတွင် တည်ရှိနေနိုင်သည်
- ဘာသာရေးဆိုင်ရာ အစီအစဉ်များနှင့် ဘာသာရေးနှင့်မဆိုင်သော အစီအစဉ်များကို ခွဲခြားထားသည်
- ဘာသာရေးနှင့် ဘာသာရေးမဟုတ်သော အစီအစဉ်များအတွက် တစ်ချိန်တည်းမဟုတ်ပါက အခန်းတစ်ခန်းတည်းကို အသုံးပြုနိုင်သည်
- ဘာသာရေးဆက်နွယ်မှုနှင့်မခွဲခြားဘဲ အားလုံးကိုလမ်းဖွင့်ပေးထားသည်
- အလွန်အကျူးကိုးကွယ်မှု၊ ညွှန်ကြားစေခိုင်းခြင်း၊သို့မဟုတ် ကိုးကွယ်ယုံကြည်မှုပြောင်းလဲရန် ဖိအားပေးခြင်း (လူသစ်စုဆောင်းခြင်း)တို့မှ ကြဉ်ရှောင်သည်
- ပါဝင်လုပ်ဆောင်သူများထံမှ ယုံကြည်မှုဖွင့်ဟထုတ်ပြန်ပေးရန် လိုအပ်မှု မရှိစေရပါ

## ယခင်က ငွေကြေးထောက်ပံ့ထားသော အစီအစဉ်များကို ဖော်ပြထားပါသည်-

- ဘုရားကျောင်းတစ်ခုမှ လုပ်ဆောင်သောအခမဲ့အစားအစာများ ချက်ပြုတ်ဝေငှသည့်မီးဖိုချောင်
- ယုံကြည်ခြင်းအခြေပြုအဖွဲ့အစည်းတစ်ခုမှ လုပ်ဆောင်သော အိုးမဲ့အိမ်မဲ့မိသားစုများအတွက် ကြားကာလခေတ္တအိမ်ရာ
- ယုံကြည်ခြင်းအခြေပြု လူမှုဝန်ဆောင်မှုအေဂျင်စီ၏ လိုအပ်သောမိသားစုများအတွက် စီမံခန့်ခွဲမှု အကူအညီ
- ဘုရားကျောင်းအမျိုးမျိုးတွင်ရှိသော အရေးပေါ်အိမ်ရာ
- ယုံကြည်ခြင်းအခြေခံဓမ္မအမှုတွင် အလုပ်လက်မဲ့များကို ဝန်ဆောင်မှုပေးသော အစားအသောက် အခမဲ့ပေးဝေရာဌာန

## ၂. ၎င်းတို့၏ ဝန်ထမ်းများအား ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဖွင့်ဟချက်ကို လက်မှတ်ရေးထိုးပေးရန် လိုအပ်သော အဖွဲ့အစည်းများကို ကွန်မြူနတီဖောင်ဒေးရှင်းသည် အဘယ်ကြောင့် ရန်ပုံငွေ မပေးသနည်း? ဤသည်မှာ မူဝါဒအသစ် ဖြစ်ပါသလား?

ဤသည်မှာ မူဝါဒအသစ်မဟုတ်ပါ။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် အလားအလာရှိသော ဝန်ထမ်းများကို ကန့်သတ်လိုက်သလို ဖြစ်စေသောကြောင့် ကွန်မြူနတီဖောင်ဒေးရှင်းသည် ဝန်ထမ်းများအား ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဖွင့်ဟကြေငြာချက်လက်မှတ်ထိုးရန် လိုအပ်သော အဖွဲ့အစည်းများကို ထောက်ပံ့ကြေးမပေးပါ။ ထိုကဲ့သို့ လက်မှတ်ထိုးရန် လိုအပ်ခြင်းကြောင့် လူအချို့ဖယ်ထုတ်ထားခံရပြီး မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် ပါဝင်မှုအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဆန့်ကျင်ရာရောက်ပါသည်။ နောက်ခံနှင့် ရှုထောင့်ပေါင်းစုံမှ လူများကို ကြိုဆိုလက်ခံနိုင်သော အားလုံးပါဝင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မှုကိုသာ ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ DEI ထုတ်ပြန်ချက်နှင့် မဟာဗျူဟာတွင် ဤအကြောင်း ဤနေရာတွင် ပိုမိုဖတ်ရှုနိုင်ပါသည်

## ၃. Agile Grants အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးချယ်ခြင်းလုပ်ငန်းစဉ်သည် အဘယ်နည်း?

အဆိုပြုချက်များကို Greater Fort Wayne's Supervisor's Leadership Group မှ Agile Grant လမ်းညွှန်ချက်များ၏ Agile Grant လျှောက်ထားခြင်း နှင့် အရည်အချင်းပြည့်မီမှု ရှိမရှိစစ်ဆေးခြင်း ကဏ္ဍတွင်ရှိ ပေးထားချက်ဇယားကို အသုံးပြု၍ အဆိုပြုချက်များကို လစဉ် အကဲဖြတ်ပါသည်။

## ၄. Agile Grant ရန်ပုံငွေရရှိရန် စာရင်းစစ်တယောက်ရှိရန် လိုအပ်ပါသလား?

မလိုအပ်ပါ။

## ၅. ပြက္ခဒိန်နှစ်တစ်နှစ်လျှင် Agile Grant တစ်ခုထက်ပို၍ ရနိုင်ပါသလား?

မရနိုင်ပါ။

## ၆. ဤထောက်ပံ့ကြေးအတွက် အစီအစဉ်အသစ်တစ်ခုဖြစ်ကြောင်း မည်ကဲ့သို့ အရည်အချင်းပြည့်မီစေပါသလည်း?

"အသစ်" အစီအစဉ်သည် (၁) မစတင်ရသေးသော လာမည့်ပဏာမခြေလှမ်း သို့မဟုတ် (၂) ပြီးခဲ့သော ၁၂ လအတွင်း စတင်ခဲ့သော အစီအစဉ်တစ်ခုဖြစ်သည်။ ၁၂ လထက်ပိုမိုသော အစီအစဉ်များကို ဤထောက်ပံ့ကြေး စက်ဝန်းအတွက် အသစ်အဖြစ် ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

## ၇. ကျွန်ုပ်၏အဖွဲ့အစည်းသည် Agile Grant ကိုလက်ခံရရှိပါက၊ အလားတူပြက္ခဒိန်နှစ်တွင် ဤကွန်မြူနတီဖောင်ဒေးရှင်းမှ အခြားထောက်ပံ့ကြေးများကို ကျွန်ုပ်တို့ရရှိနိုင်ပါသလား?

ရပါသည်! Agile Grants များသည် အစီအစဉ် /လုပ်ငန်း အလိုက် ထောက်ပံ့ကြေးများဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးအတွက် ပထမဆုံးအကြိမ် လျှောက်ထားခြင်း ဖြစ်ပါက၊ သင်သည် Engage Grant ကို လျှောက်ထားရန် စဉ်းစားနိုင်ပါသည်။ အကယ်၍ သင်သည် လုပ်ငန်းလည်ပတ်မှု ရန်ပုံငွေကို ရှာဖွေနေပြီး သုံးနှစ်ကျော်ကြာ

တည်ရှိနေပြီးဖြစ်ပါက၊ သင်၏ လုပ်ငန်းရည်ရွယ်ချက်နှင့် အကောင်းဆုံးကိုက်ညီမည့် မဏ္ဍိုင်တွင် Rising Together Grant ကို လျှောက်ထားရန် သင့်ကို ကျွန်ုပ်တို့မှ တိုက်တွန်းပါသည်။

### ၈. ထောက်ပံ့ကြေးများအကြောင်း ကွန်မြူနတီဖောင်ဒေးရှင်းတွင် မည်သူနှင့် ဆွေးနွေးနိုင်မည်နည်း?

၎င်း၏လုပ်ငန်းရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကွန်မြူနတီဖောင်ဒေးရှင်းသည် အယ်လန်ကောင်တီတွင် နေထိုင်သူများအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးပေးရန် ရပ်ရွာခေါင်းဆောင်နှင့် ဆော်ဩသူအဖြစ် ထမ်းဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့၏ဘုတ်အဖွဲ့နှင့် ဝန်ထမ်းများအတွက် ကွန်မြူနတီ၏ လိုအပ်ချက်များ အကြောင်း ပိုမိုလေ့လာနိုင်မည့် အခွင့်အရေးများကို ကျွန်ုပ်တို့ကြိုဆိုပါသည်။ သင့်တွင်မေးလိုသည်များရှိပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

---

## ဆက်သွယ်ရန်

---

သင့်အနေဖြင့် လျှောက်ထားခြင်းဖြစ်စဉ်အပေါ် မေးခွန်းများ ရံဖန်ရံခါ ပေါ်လာနိုင်သည်။ ထိုမေးခွန်းများကို အောက်ပါ ဆက်သွယ်ရမည့် သူများသို့ တိုက်ရိုက်ပေးပို့ပါ။
ကွန်မြူနတီ ဖောင်ဒေးရှင်းသည် တနင်္လာနေ့မှ သောကြာနေ့အထိ မနက် ၈:၀၀ နာရီမှ မွန်းလွဲ ၄:၃၀ နာရီအထိ ရှိပါသည်၊ သို့သော် ထောက်ပံ့ကြေးဆိုင်ရာအဖွဲ့ဝင်အများစုသည် သောကြာနေ့ မွန်းလွဲနောက်ပိုင်းတွင် ရှိကြမည်မဟုတ်ဘဲ မေးမြန်းမှုများကို လာမည့်အပတ်တွင် တုံ့ပြန်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်မည့်သူများ-

Stephanie Carlson Plimpton, Senior Impact Advisor, scarlson@cfgfw.org
Angela Stanley, Director of Impact, astanley@cfgfw.org
Alison Gerardot, Chief Impact Officer, agerardot@cfgfw.org

လိပ်စာ: 555 E Wayne St
Fort Wayne, IN 46802

ရုံးဖုန်းနံပါတ်: 260-426-4083
အင်တာနက်စာမျက်နှာ: www.cfgfw.org